ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်
# ကယားပြည်နယ်၏
# နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၂–၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်
ကယားပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
( ၂၀၁၂ ခုနှစ်၊ ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၅ ။ )

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်
(၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂–၂၀၁၃ ခု၊ဘဏ္ဍာရေးနှစ် ကယားပြည်နယ် ၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေး ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၂ – ၂၀၁၃ ခု ၊ ဘဏ္ဍာရေးနှစ် အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း ( ၂ )

နောက်ထပ် အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား(၁) တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၂ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ် သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၂ခုနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ခင်မောင်ဦး
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်တရားလွှတ်တော် / ပြည်နယ်ဥပဒေချုပ် /ပြည်နယ်စာရင်းစစ်ချုပ

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ – သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ – ထုတ်ချေးငွေ | ကြွေးမြီ – ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် | ၁၀. ၈၆၂ | | | | | | |
| | | ၁ | ပြည်နယ်တရားရုံးများ | သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၀. ၈၆၂ | | | | | | |
| ၂ | ၂ | | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် | ၆. ၅၃၅ | | | | | | |
| | | ၁ | ပြည်နယ်ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၆. ၅၃၅ | | | | | | |
| ၃ | ၃ | | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် | ၅. ၁၃၆ | | | | | | |
| | | ၁ | ပြည်နယ်စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၅. ၁၃၆ | | | | | | |
| | | | | | ၂၂. ၅၃၃ | | | | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယအဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | | ပြည်ထဲရေး | ပြည်နယဝန်ကြီးချုပ် သို့မဟုတ် | ၁၆၉. ၇၅၆ | | | ၈၃. ၈၀၀ | | | |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၅၅. ၁၆၂ | | | ၈၃. ၈၀၀ | | | |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၀. ၆၉၀ | | | | | | |
| | | ၃ | အကျဉ်းဦးစီးဌာန | | ၁၃. ၉၀၄ | | | | | | |
| ၂ | ၂ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၄၆. ၃၄၉ | | | | | | |
| | | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၄၆. ၃၄၉ | | | | | | |
| ၃ | ၃ | | သမဝါယမ | ၎င်း | ၁၈. ၀၈၀ | | | | | | |
| | | ၁ | သမဝါယမဦးစီးဌာန | | ၁၆. ၀၄၂ | | | | | | |
| | | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၂. ၀၃၈ | | | | | | |
| ၄ | ၄ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၁. ၅၇၂ | | | | | | |
| | | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၁. ၅၇၂ | | | | | | |
| ၅ | ၅ | | ဆောက်လုပ်ရေး | ၎င်း | ၃၅. ၈၅၉ | | | ၆၂၅. ၃၇၀ | | | |
| | | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၅. ၈၅၉ | | | ၃၆. ၂၀၀ | | | |
| | | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | | | | ၅၈၉. ၁၇၀ | | | |
| ၆ | ၇ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၂၈. ၁၀၆ | | | | | | |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၂၈. ၁၀၆ | | | | | | |
| ၇ | ၉ | | အားကစား | ၎င်း | ၂၀. ၉၃၉ | | | | | | |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၀. ၉၃၉ | | | | | | |
| ၈ | ၁၀ | ၁ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၄၉. ၇၉၀ | | | | | | |
| | | | | | ၃၇၀. ၄၅၁ | | | ၇၀၉. ၁၇၀ | | | |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၂ | | ဆောက်လုပ်ရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၂၁၁၉. ၁၉၅ | | | | | | |
| | | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၁၁၉. ၁၉၅ | | | | | | |
| | | | | | ၂၁၁၉. ၁၉၅ | | | | | | |